dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ်ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What is the threat of Gangs?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ “အုပ်စုဖွဲ့ရာဇဝတ်မှုတွေကို ဘယ်လိုကိုင်တွယ်ထိန်းချုပ်ကြမလဲ” ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ အုပ်စုဖွဲ့ရာဇဝတ်မှုများဆိုသည်မှာ ပြည်ပရုပ်ရှင်များထဲတွင်သာတွေ့ခဲ့ကြရသော်လည်း ယခုမူ နေ့အလင်းရောင် လူအများကြားတွင်ပင် ဖြစ်ပေါ်လာလျက်ရှိနေသည့်အပြင် Mobile ကဲ့သို့ သောပစ္စည်းများကိုပင် အစုအဖွဲ့ဖြင့်ခိုးယူမှုများ ရှိလာခြင်းကြောင်းသိရသည်။

ရန်ကုန်မြို့တွင်း နေ့ခင်းအချိန် ဓားထောက်လုယက်မှုများ၊ အမြန်လမ်းမကြီးပေါ်တွင် သွားလာသည့် ကိုယ်ပိုင်ယာဉ်အချို့တို့ နောက်မှ ကားဖြင့်လိုက်ပါ၍ အန္တရာယ်ပြုခံရမှုများ၊ ကွမ်းခြံကုန်းဘက်မှ ဓားပြ တိုက်ခံရမှု၊ မြောက်ဥက္ကလာပရှိ နွယ်သာကီထဲ၌ ဖြစ်ပွားခဲ့သည့် လူသတ်မှု၊လှိုင်သာယာ လက်ဖက် ရည် ဆိုင်ထဲမှ လူသတ်မှု၊ပန်းပဲတန်းမြို့နယ်တွင် ဒါရိုက်တာ တစ်ဦးကို ကားနှင့်ဆွဲ၍ သတ်မှု ၊ အင်းစိန် အနကြမ်းစီးမှု၊ မကြာသေးမီကပင် ဖြစ်ပွားခဲ့သည့် မေတ္တာညွှန့်၊ တာမွေမှ လူသတ်မှု စသည် စသည် တို့ မှာ ၂၀၁၀နောက်ပိုင်းနှစ်များအတွင်း ဖြစ်ပွားခဲ့ကြခြင်းဖြစ်ပြီး ယခုနောက်ပိုင်းရာဇဝတ်မှုများတွင် အသက်မပြည့်သေးသည့် လူငယ်များပါ ပါဝင်လာမှုရှိကြောင်း လေ့လာသူအချို့က ဆိုသည်။ ယနေ့ ခေတ်တွင် လူငယ်သမီးရည်းစားချင်း စကားများရန်ဖြစ်ရာမှ လူသတ်သည်အထိ ဖြစ်ပွားခဲ့ကြမှုများ ကိုပင် ခပ်စိပ်စိပ်ကြားသိလာကြရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မှ တိုင်းအမတ် ဒေါ်စန်းစန်းဝင်းကလည်း ရန်ကုန်တိုင်းအတွင်း မင်းမဲ့စ ရိုက်ဆန်ဆန် ကျူးကျော်ဝင်ရောက်မှု၊ လူသတ်မှု၊ အုပ်စုဖွဲ့တိုက်ခိုက်မှု၊ ဝတ္တရားနှောင့်ယှက်မှုနှင့် လက်နက်ကိုင်ရမ်းကားမှုများ ဖြစ်ပေါ်နေသည့်အတွက် တရားဥပဒေစိုးမိုးရေးကို ပိုမိုထိရောက် စွာ လုပ်ဆောင်ရန် ရန်ကုန်တိုင်းအစိုးရကို တိုက်တွန်းထားမှုမှုများလည်း ရှိခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ website တွင် ဖော်ပြထားမှုများအရ ၂၀၁၂ခုနှစ်အတွင်းက အမှုကြီး(၁၀) မျိုးမှာ စုစုပေါင်း ၂၃၁၈ မှု ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် လူသတ်မှု ၁၃၂၃ မှု နှင့် မုဒိမ်းမှု ၆၅၄ မှု တို့ ဖြစ်ပွားခဲ့ပြီး ယင်း ၁၀မျိုးတို့တွင် အများဆုံးဖြစ်ပွားခဲ့သည့်အမှုများ ဖြစ်ကြောင်းလည်းတွေ့ရှိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၄ ခုနှစ်၌လည်း ဇန်နဝါရီလမှ စက်တင်ဘာလထိ ၉ လအတွင်း လူသတ် မှုပေါင်း ၁၀၁၄ မှုရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စာရင်းများအရသိရသည်။ ၄င်းတို့အနက်မှ ၉၀၀ ကို တရားခံဖော်ထုတ်နိုင်ခဲ့ပြီး အမှု၁၀၀ ကျော်မှာ တရားခံများလွတ်နေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ပင် တရားခံပြေး ၂၀၀၀ ကျော်ရှိနေသည်ဟု ဆိုသည်။

ယခုကဲ့သို့ ရာဇဝတ်မှုများ များပြားလာရသည့်အကြောင်းရင်းထဲတွင် နိုင်ငံတော်မှ ခွင့်ပြုခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့် ၂ ကြိမ်တွင် လွတ်မြောက်လာသည့် အကျဉ်းသား ၂၀၀၀၀ ဝန်းကျင်ရှိပြီး ယင်းတို့အနက် ၁၉၀၀၀ ကျော်မှာ ရာဇဝတ်မှုကျူးလွန်သူများ ဖြစ်ကြခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဂေဖန်သူများရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူ့လုံခြုံမှုကို စောင့်ရှောက်ရသော ရဲတပ်ဖွဲ့ဝင်များ၏ ဦးရေမှာ ပြည်သူလေး ထောင့်ငါးရာတွင်မှ တစ်ယောက်ခန့် အချိုးသာရှိနေခြင်း ကလည်း အားနည်းချက်တစ်ခု အဖြစ် ရှိနေပေပြီး ရာဇဝတ်မှုများတွင် လူငယ်များပါဝင်နေခြင်း နှင့် ပတ်သက်၍မူ လူငယ်များ၏ အတတ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ သွန်သင်ဆုံးမမှုများတွင် အားနည်း ချက်များရှိနေခြင်းကြောင့်ဟုလည်း ထောက်ပြထားကြသည်။

ယနေ့အခါတွင် ရာဇဝတ်မှုကျူးလွန်ခြင်းတို့ များပြားလာသည့်အေးချမ်းလုံခြုံခဲ့သည်ဟုဆိုနိုင်သည့်မြန်မာ့လူမှု နယ်ပယ်တွင်းက “ အုပ်စုဖွဲ့ရာဇဝတ်မှုတွေကို ဘယ်လိုကိုင်တွယ် ထိန်းချုပ်ကြမလဲ” ခေါင်းစဉ်ဖြင့် ယခုတစ်ပတ် ဒီဘိတ်အစီအစဉ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

“တစ်ပါတီအာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို အသွင်ကူးပြောင်းတဲ့အခါမှာ ဒီလိုအုပ်စုဖွဲ့ တာတွေ၊ ပြန်ပေးဆွဲတာတွေ၊ လမ်းသူရဲဂိုဏ်းတွေ ပေါ်လာနိုင်တယ်။ ဒါကို အစိုးရအနေနဲ့ ကြိုတင်စီမံချက်ချပြီး ဆောင်ရွက်ထားသင့်တယ်။ ရဲတွေကိုလည်း အင်အားတောင့်တင်းအောင် လုပ်ဆောင်ထားသင့်တယ်”
**ဦးလှဆွေ** - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်။

လက်ရှိဖြစ်ပေါ်နေသော လူငယ်များအကြား အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းများမှာ လူငယ်တို့၏ ကြီးပြင်းရာ ပတ်ဝန်းကျင် နှင့် အသိပညာ အတတ်ပညာပေးမှုအပိုင်းတွင် အများကြီးသက် ရောက်မှုရှိနေ”
**အငြိမ်းစား ဒု-ရဲမှူး ဦးညွန့်လှိုင်**

“ပြစ်မှုကျူးလွန်မှု ဖြစ်စဉ်တွေမှာ တရားလိုက ချက်ချင်းတိုင်တန်းဖို့လိုသလို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကလည်း ချက်ချင်းလာရောက်ပြီး အရေးယူဆောင်ရွက်ပေးဖို့ လိုပါတယ်။ ခုဟာက ပြစ်မှုဖြစ်ပြီး နောက်တစ်နေ့မှ ရောက်လာပြီး လိုက်ဖမ်းတော့ လွတ်မြောက်နေသူတွေလည်း ရှိနေတယ်။ ပြစ်မှုကျူးလွန်သူကို ဥပဒေအရအမြန်ဆုံး အရေးယူဖို့လိုသလို မဖြစ်ခင်ကလည်း ကြိုတင်ကာ ကွယ်တား ဆီးပေးနိုင်ဖို့ လိုပါတယ်”
**ဒေါ်လဲ့လဲ့ဝင်းဆွေ** - တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

### *Information links:*

www.myanmarpoliceforce.com

www.news-eleven.com

www.dvbdebate.net

www.Burmese.dvb.no